Biblical Reflection

"To Speak Up or Not?"



သမ္မာကျမ်းဆိုင်ရာအတွေးအမြင် - ရပ်တည်ပြောဆိုရမည်လော့၊ ဆိတ်ငြိမ်စွာနေရမည်လော့။
တစ်ခါတစ်ရံတွင် အချို့သောသူများ၏ တွေးခေါ်မှု၊ ပြောဆိုလုပ်ဆောင်မှုများသည် ကျွန်ုပ်အတွက်အင်မတန်
စိတ်ပျက်စရာဖြစ်ရသည်။ သို့သော်မည်သို့တုန့်ပြန်ရမည်ကို ကျွန်ုပ်ကိုယ်တိုင်မသိပေ။ ပြန်လည်ပြောဆို
ထောက်ပြရမည်လော့။ လစ်လျူရှုရမည်လော့။ ထောက်ပြလိုက်၍တစ်ဖက်က ပြန်လည်၍ပြဿနာရှာလာ
လျှင် ကျွန်ုပ်ခံနိုင်မည်လော။ သခင်ယေရှု၏နောက်လိုက်ကောင်းတစ်ဦးဖြစ်ချင်သော်လည်း
သခင်ကိုယ်တိုင်က ဘာကိုလုပ်ဆောင်စေချင်သည်ကို အတိအကျမသိနိုင်ပေ။ ထို့ကြောင့်
လုပ်ပြီးမှနောင်တရမည့်အရာမျိုးကိုလည်း ကျွန်ုပ်မလုပ်လိုပေ။
အရင်ပတ် သောကြာနေ့က ရှာ့ထ်ကာသီဒြယ်တွင်ဆုတောင်းနေရင်း အတွေးအမြင်တစ်ခုရရှိခဲ့သည်။ ယေရှု
ကိုယ်တော်တိုင်ပင်လျှင် အခြားသူများနှင့်အမြင်မတူသည့်အချိန်ရှိခဲ့သော်လည်း
တုန့်ပြန်ပုံကတော့အမျိုးမျိုးရှိ ခဲ့သည်။ အချို့သောအချိန်တွင်သူထောက်ပြပြောဆိုခဲ့သည်၊
အချို့သောအချိန်တွင် ဆိတ်ငြိမ်စွာနေခဲ့သည်။ အချို့အချိန်များတွင် စကားလုံးဖြင့်တုန့်ပြန်ခဲ့၍
အချို့အချိန်တွင် လုပ်ဆောင်မှုဖြင့်တုန့်ပြန်ခဲ့သည်။ တုန့်ပြန်မှုတိုင်းတွင်
ဉာဏ်ပညာရှိစွာဖြင့်ရဲရင့်စွာသူလုပ်ဆောင်ခဲ့ပြီး ခမည်းတော်ဘုရား၏အလိုတော်နှင့်
သဘောတော်အတိုင်းသာလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။
သမ္မာကျမ်းစာထဲမှာဖော်ပြချက်များကိုဆင်ခြင်ရင်း ဤသို့အတွေးအမြင်ရရှိခဲ့ပါသည်။
၁. သနားဂရုဏာသက်ရောက်သည့်အခါတွင် ယေရှုပြောဆိုထောက်ပြခဲ့သည်။ ဥပမာ- တစ်ခုသောဥပုသ်နေ့
တွင် လက်တစ်ဖက်သေသောသူကို ကုသပေးချင်သော်လည်း "ဥပုသ်နေ့တွင်အလုပ်မလုပ်ရ" ဟူသော

ပညတ် ချက် ရှိနေသောအခါယေရှုမည်သို့လုပ်ခဲ့ပါသနည်း။ ယေရှုက
"ဥပုသ်နေ့၌ကျေးဇူးပြုအပ်သလော၊သူ့အကျိုးကိုဖျက် ဆီးအပ်သလော၊
အသက်ကိုကယ်အပ်သလော၊သတ်အပ်သလော"ဟုမေးသောအခါ မည်သူမျှမဖြေဆိုသော ကြောင့်
အမျက်တော်နှင့်သူတို့ကိုပတ်လည်ကြည့်ရှု၍ သူတို့စိတ်နှလုံးမိုက်သောကြောင့်ဝမ်းနည်းရလေ၏။ ထို့နောက်
လက်တစ်ဖက်သေသူအား "သင်၏လက်ကိုဆန့်လော့ဟု" ဆိုသည့်အတိုင်း ထိုသူ၏လက်သည်
ပကတိအကောင်းတိုင်းဖြစ်လေ၏(မာကု ၃း၄-၅)။ ကျွန်ုပ်တို့ဘေးနားရှိ (ခေါင်းဆောင်များ၊ မိသားစု၊
မိတ်ဆွေ) များက ဘုရားသခင်တန်ဖိုးထားသော တရားမျှတခြင်း၊ သနားခြင်းဂရုဏာ
စသည်တို့ကိုမေ့လျော့၍ မပြောဘဲ နေသည့်အခါတွင် ကျွန်ုပ်တို့ထ၍ပြောဆိုပေးရန်လိုပါသည်။ (မိက္ခာ ၆း၈)
၂. အန္တရာယ်ရှိသောအချိန်၌ ယေရှုသည် စကားလုံးများကိုလိမ္မာပါးနပ်စွာရွေးချယ်အသုံးပြုခဲ့သည်။
တစ်ခါတွင် ရောမအစိုးရကို အခွန်ပေးသင့်သလော ဟူ၍အကျပ်ရိုက်မေးလာသည့်အခါတွင် ထိုသူတို့၏
ကောက်ကျစ်မှု ကိုသိမြင်သောကြောင့် ယေရှုသည်ပါးနပ်စွာဖြင့်ပြန်ပြောခဲ့သည်မှာ "ကဲသာဘုရင်၏ဥစ္စာကို
ကဲသာဘုရင် အားဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား၊ ဘုရားသခင်အားဆက်ပေးကြလော့ဟု
မိန့်တော်မူသည့် အတွက် သူတို့သည် အံ့ဩခဲ့ကြရသည်။ (မာကု ၁၂း၁၇) ကျွန်ုပ်တို့အခက်တွေ့ရန် သူတစ်ပါး
ကလုပ်ဆောင်သည့် အခါတွင် လိမ္မာပါးနပ်စွာဖြင့်တုန့်ပြန်တတ်ရန်လိုပါသည်။
၃. နောက်လိုက်တပည့်များလမ်းညွှန်မှုလိုအပ်သည့်အခါတွင်လည်း ယေရှုသွန်သင်ပြောဆိုပေးသည်။ (မဿဲ
၂၃း၂-၃) တွင် ကျမ်းပြုဆရာ၊ဖာရိရှဲတို့သည် မောရှေ၏ထိုင်ရာပလ္လင်ပေါ်မှာထိုင်၍စီရင်ထုံးဖွဲ့သောကြောင့်
သူတို့ပြော သည့်အတိုင်းပြုကြလော့။ သို့သော် ထိုသူတို့သည်စီရင်ထုံးဖွဲ့သော်လည်းကိုယ်တိုင်မကျင့်ကြ
သောကြောင့် ထိုသူတို့၏အကျင့်အတိုင်းမလုပ်ကြရန် ယေရှုကသတိပေး၍ဆုံးမခဲ့သည်။ တစ်ချို့သော
အခြေအနေ၌ ကျွန်ုပ်တို့ထံမှလမ်းညွှန်မှုကိုစောင့်မျှော်နေသော (သားသမီးများ၊ တပည့်များ၊ မိတ်ဆွေများ၊
အသင်းသားများ) စသည်တို့အတွက် ကျွန်ုပ်တို့ထ၍ ပြောဆိုလမ်းညွှန်ပေးရန်လိုသည်။
၄. အချို့သောအခြေအနေ၌ ပြောဆိုနေရုံမျှဖြင့် ဘာအကျိုးမျှမထူးသည်ကို ယေရှုသိသောအခါ နှုတ်ဆိတ်နေ
သည့်အခါမျိုးလည်းရှိသည်။ ဖမ်းဆီးခံရ၍ အမျိုးမျိုးသောစွပ်စွဲမှုများကြားတွင် ယေရှုသည်
ဆိတ်ငြိမ်စွာနေ၍ ယဇ်ပုရောဟိတ်မင်း၏ ရှေ့၌လည်းတခွန်းတပါဒမျှ မပြောဆိုခဲ့ပေ။ (မာကု ၁၄း၆၀-၆၁)
တစ်ချို့သော အခြေအနေ၌ အမှန်တရားကို မသိချင်သောသူတို့ရှေ့၌ နှုတ်ဆိတ်နေခြင်းက
အကောင်းဆုံးပင်ဖြစ်သည်။
၅. ယေရှု၏တုန့်ပြန်မှုအများစုမှာ သူ၏လုပ်ဆောင်ချက်အားဖြင့်ပင်ဖြစ်သည်။ သူ့ကိုယ်သူဖော်ပြရာ၌
"လူသားသည် သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊
မိမိအသက်ကိုစွန့်၍လူများကိုရွေးခြင်းငှာလည်းကောင်း ကြွလာသတည်းဟု" မိန့်တော်မူခဲ့ပါသည် (မာကု
၁၀း၄၅)။ ပြောသည့် အတိုင်းပင် သူအသက်ရှင်လုပ်ဆောင်ခဲ့သည်။ တစ်ချို့သောအခြေအနေ၌

မတရားမှုကြီးစိုး၍ မှောင်မိုက် နေသည့်ဤလောကကြီး၌ အပြောထက်၊ အလုပ်က ပို၍စွမ်းပကားကြီးမားပါသည်။

ခက်ခဲကျပ်တည်းနေသည့် ဤသို့သောအချိန်၌ သင်၏ပြောဆိုလုပ်ဆောင်မှုများကို ဂရုတစိုက်ရွေးချယ်တတ်ရန်လိုအပ်ပါသည်။ ယခုအချိန်၌ ရပ်တည်၍ပြောဆိုရမည်လော၊ ဆိတ်ဆိတ်နေရမည်လော ဟူ၍ရွေးချယ်ရခက်နေသည့်အခါတွင် ယေရှု၏ဥပမာများကို ဆင်ခြင်ကြည့်ပါ။ သင်၏အခြေအနေနှင့်ချိန်ထိုး၍ လိမ္မာပါးနပ်စွာ ရွေးချယ်တတ်စေပါ။ အဖြေကိုရှင်းရှင်းမသိရသည့်အခါတွင် အချိန်ယူပါ၊ ဆုတောင်း၍ လိုအပ်ချိန်၌ ဘုရားသခင် အမှန်ပင်လမ်းပြပေးမည်ကို ယုံကြည်ထားဖို့ရန်ဖြစ်သည်။

ဘုရားသခင်ထံမှ ဉာဏ်ပညာ၊ သတ္တိနှင့်ခွန်အားများ ရရှိနိုင်ကြပါစေ...

ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြားပေးနေသူဖြစ်သည်။

ဓာတ်ပုံ - ရှာ့ထ်ကာသီဒြယ်၏ ပြတင်းပေါက်တွင်ရေးဆွဲထားသည့် ဘုရားသခင်၏အခွင့်တော်အတိုင်း တရားပလ္လင်ပေါ်တွင်ယေရှုတရားစီရင်နေသည့်ပုံဖြစ်သည်။(၂တိ ၄း၁) သူ၏တရားစီရင်ခြင်းမှာလည်း ကားတိုင်ပေါ်တွင် အသေခံပြီး ထိုအရာကိုယုံကြည်သောသူတို့အားကယ်တင်မှုပေးခြင်းပင်ဖြစ်သည်။